“အကျိုးတူပူးပေါင်းဆောင်ရွက်မှု”

# တရုတ်ယူနန်နှင့်လာအိုရုပ်မြင်သံကြားဌာနသည် ယဉ်ကျေးမှုဖလှယ်ရေး ပလက်ဖောင်းကို အကျိုးတူပူးပေါင်းဆောင်ရွက်တည်ဆောက်

ယခုရက်ပိုင်းတွင် လာအိုဒီဂျစ်တယ်ရုပ်မြင်သံကြားကုမ္ပဏီလီမိတက်မှ နည်းပညာရှင်ကန်ဖိုင်သည် သူ၏တစ်နေ့တာအလုပ်တာဝန်များကို စတင်လုပ်ဆောင်နေသည်။ “ကျွန်တော်က တရုတ်နိုင်ငံမှာ ပညာသင်ကြားပြီး လာအိုရုပ်မြင်သံကြားဌာနသို့ အလုပ်ဝင်ခဲ့ပါတယ်။ ဒီမှာအလုပ်လုပ်ရတာ အလွန်ကောင်းမွန်လှပါတယ်။”ဟု ကန်ဖိုင်က ပြောပြသည်။ ဒီအလုပ်လုပ်ဆောင်ခြင်းကြောင့် လာအိုနိုင်ငံပရိသတ်များအား ကောင်းမွန်သောတီဗွီရုပ်မြင်သံကြားအစီအစဉ်များကို ထုတ်ဖော်ပြနိုင်ခဲ့ပါသည်။ မိမိအလွန်အားရသည်ဟု ခံစားရသည်။

ကန်ဖိုင်အလုပ်ဝင်သော ဒီဂျစ်တယ်ရုပ်မြင်သံကြားကုမ္ပဏီသည် ယူနန်ပြည်နယ် ကြိုးမဲ့ဒီဂျစ်တယ်ရုပ်မြင်သံကြားယဉ်ကျေးမှုမီဒီယာ ကုမ္ပဏီလီမိတက်(အောက်တွင် ယူနန်ဒီဂျစ်တယ်မီဒီယာဟု အတိုချုံးခေါ်ဝေါ်ထားမည်)နှင့် လာအိုနိုင်ငံ နိုင်ငံတော်ရုပ်မြင်သံကြားဌာနတို့(၂၀၀၇)ခုနှစ်တွင် အကျိုးတူပူးပေါင်းဆောင်ရွက်ပြီး တည်ထောင်လာခြင်းဖြစ်သည်။ ယခုအချိန်တွင် ယူနန်ဒီဂျစ်တယ်မီဒီယာသည် လာအိုဒီဂျစ်တယ်ရုပ်မြင်သံကြား ကုမ္ပဏီနှင့်အတူ တရုတ်နိုင်ငံ DTMB မြေပေါ်ဒီဂျစ်တယ်တီဗွီနည်းပညာစံနှုန်းကို အသုံးပြုထားပါသည်။

လာအိုနိုင်ငံဗီယင်ကျန်းနှင့် Champasak၊ လွမ်ပရာဘွမ်၊ Savannakhet ပြည်နယ်သုံးခု၏ မြေပေါ်ဒီဂျစ်တယ်ရုပ်မြင်သံကြားမီဒီယာကွန်ရက်ကို တည်ဆောက်ထားပြီဖြစ်သည်။ အိမ်ထောင်ပေါင်း(၁. ၃၆)သိန်း (လူဦးရေ(၆. ၈)သိန်းခန့်)အတွက် ဒီဂျစ်တယ်တီဗွီဝန်ဆောင်မှုများကို တင်ပြပေးအပ်နိုင်ပြီဖြစ်သည်။

(၂၀၁၆)ခုနှစ် ဒီဇင်ဘာလတွင် ယူနန်ဒီဂျစ်တယ်မီဒီယာနှင့် လာအိုနိုင်ငံပြန်ကြားရေး၊ ယဉ်ကျေးမှုနှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့်အတူ လာအိုနိုင်ငံဒီဂျစ်တယ် မီဒီယာရုပ်မြင်သံကြားတစ်နိုင်ငံလုံးကွန်ရက် တည်ဆောက်မှုစီမံကိန်းသဘောတူစာချုပ်ကို ချုပ်ဆိုခဲ့ကြသည်။ အဆိုပါစီမံကိန်းတည်ဆောက်ခြင်းအတွက်ကြောင့် လာအိုနိုင်ငံသည် တရုတ်နိုင်ငံနည်းပညာစံနှုန်းဖြင့် တစ်နိုင်ငံလုံးရုပ်မြင်သံကြားကွန်ရက်တည်ဆောက်မှု ပထမဦးဆုံး အကောင်အထည်ဖော်ဆောင်သောနိုင်ငံ ဖြစ်လာစေပါတော့သည်။

ယူနန်ဒီဂျစ်တယ်မီဒီယာ တာဝန်ရှိသူ၏ မိတ်ဆက်ခြင်းအရ သိရသည်မှာ လာအိုနိုင်ငံနှင့် ရုပ်မြင်သံကြားအကျိုးတူပူးပေါင်းခြင်းသည် တရုတ်နိုင်ငံယူနန်ပြည်နယ်မှ လာအိုနိုင်ငံအားမျက်နှာပြုသော တံခါးဖွင့်အားသာချက်နှင့် နှစ်ဦးနှစ်ဖက်အချိန်ကြာရှည်ကာလတွင် ချစ်ခင်ရင်းနှီးမှုကို အခြေပြုပြီး ဆောင်ရွက်သည်မှာဖြစ်သည်။ ထို့ပြင်၊ လာအိုနိုင်ငံမှရုပ်မြင်သံကြား ဒီဂျစ်တယ်စနစ်ကူးပြောင်းခြင်း လိုအပ်ချက်မြင့်တက်လာခြင်းနှင့်လည်းဆိုင်ပါသည်။ ယခုအချိန်တွင် လာအိုနှင့်ကမ္ဘောဒီးယားနိုင်ငံ၏ ဒီဂျစ်တယ်ရုပ်မြင်သံကြားစီမံကိန်းတွင် ဒေသခံပြည်သူလုပ်သားများ၏ အချိုးအစားသည် အချိန်ပိုလေမြင့်မားလာလေပြီး ၎င်းအနက် ကန်ဖိုင်ကဲ့သို့သော တရုတ်နိုင်ငံမှအမိနိုင်ငံသို့ပြန်လာသော ပညာတော်သင်လူငယ်များစွာလည်းပါဝင်သည်။

သတင်းထောက်-လျို့ကျီယူ

“ယဉ်ကျေးမှု”

# ဘိုးဘွားများ၏မျိုးချစ်စိတ်ဓာတ်ဖြင့် ဖက်ဆစ်တော်လှန်ရေးစစ်ပွဲသမိုင်းကို နန်ချောင်(အရှေ့တောင်အာရှအိုဖာစီး)စက်ပြင်သမားများ၏ နောင်လာနောက်သားများမှ ထုတ်ဖော်ပြသ၊ သရုပ်ဖော်ပြသခြင်းအဖွဲ့ 《နန်ချောင်ချီးကျူးသီချင်း》 ကူမင်းတွင် သီဆို

စက်တင်ဘာလ(၃)ရက်နေ့ ညပိုင်းအချိန်တွင် မျိုးချစ်စိတ်ဓာတ်သရုပ်ဖော်ပြသခြင်းအဖွဲ့ 《နန်ချောင်(အရှေ့တောင်အာရှအိုဖာစီး)ချီးကျူးသီချင်း》ကို ကူမင်းဂျပန်ဖက်ဆစ်တိုက်ခိုက်မှု အောင်မြင်ဂုဏ်ပြုခန်းမတွင် ကပြတင်ဆက်ခဲ့ပြီး တရုတ်နိုင်ငံတံခါးဖွင့်မူဝါဒကျင့်သုံးသည့် အနှစ်(၄၀)ပြည့်ခရီး၊ တရုတ်ယူနန်-မြန်မာကုန်းလမ်းကားများ ဖြတ်သန်းသွားလာအသုံးပြုနိုင်ခြင်း အနှစ်(၈၀)ပြည့်ခြင်း၊ နန်ချောင်စက်ပြင်သမားများ၏ မျိုးချစ်စိတ်ဓာတ်များကို ဖြန့်ဝေဂုဏ်ပြုပေးခြင်းဖြစ်သည်။

တရုတ်အမျိုးသားတို့သည် ခက်ထန်သော ဂျပန်ဖက်ဆစ်ဆန့်ကျင်ရေးတိုက်ပွဲတွင် နန်ချောင်လူငယ်စက်ပြင်သမား(၃၂၀၀)ဦးသည် နန်ချောင်အဖွဲ့ချုပ်ဥက္ကဋ္ဌချိန်ကျာကိန်၏ ဖိတ်ခေါ်မှုဖြင့် “နန်ရန်(အရှေ့တောင်အာရှ) နိုင်ငံခြားရောက် တရုတ်လူမျိုးအမိနိုင်ငံသို့ပြန်ပြီးဝန်ဆောင်မှုအဖွဲ့”ကို ဖွဲ့စည်းပြီး အမိနိုင်ငံသို့ပြန်လာခဲ့ကြသည်။ ထိုအချိန်တွင် တရုတ်ပြည်တွင်းမှ တစ်ခုတည်းသော အပြည်ပြည်ဆိုင်ရာ သယ်ယူပို့ဆောင်ရေးလမ်းကြောင်းဖြစ်သည့် တရုတ်ယူနန်-မြန်မာကုန်းလမ်းတစ်လျှောက်တွင် စစ်တပ်မှလိုအပ်သော အသုံးအဆောင်ပစ္စည်းများကို ခက်ခဲစွာ သယ်ယူပို့ဆောင်ခြင်းလုပ်ငန်းများကို လုပ်ဆောင်ခဲ့ပါသည်။ (၁၉၃၉)ခုနှစ် မတ်လမှ (၁၉၄၂)ခုနှစ် မေလအထိ တရုတ်ယူနန်-မြန်မာကုန်းလမ်းမကြီးဖောက်ခွဲခံရသော (၃)နှစ်တာအချိန်ကာလအတွင်းတွင် နန်ချောင်စက်ပြင်သမားများသည် မြေအချိန်အနေဆိုးဝါးသော တရုတ်ယူနန်-မြန်မာကုန်းလမ်းပေါ်တွင် ရန်သူ၏တိုက်ခိုက်မှုများကိုရင်ဆိုင်ပြီး နေ့ရောညပါ အလုပ်လုပ်ခြင်း၊ လမ်းနားဘေးတွင် အိပ်ခြင်း၊ အစားအသောက်များ ကောင်းမွန်စွာမစားရခြင်းဖြင့် စစ်တပ်လိုအပ်သော အသုံးအဆောင်ပစ္စည်းများကို အချိန်လုယူသယ်ပို့ပေးရသည်။ “ရန်သူ၏လမ်းပိတ်ပင်မှုဗျူဟာကို ချေမုန်းနိုင်သော ရှေ့ပြေးတပ်သား”များဟု ချီးကျူးခေါ်ထွင်ခြင်းခံရသည်။ နန်ချောင်စက်ပြင်သမား(၁၀၀၀)ကျော်သည် အသက်ဆုံးရှုံးခဲ့ရသည်။ 《နန်ချောင်ချီးကျူးသီချင်း》သည် အဆိုပါစစ်သမိုင်းအကြောင်းကို ပြန်လည်ခံစားမိစေသည်။ တရုတ်လူမျိုး၏ရဲဝံ့သော၊ လူအားလုံးကတစ်စိတ်တစ်သံဖြင့် ကျူးကျော်လာသူများကို တိုက်ခိုက်နှိမ်နင်းသော မျိုးချစ်စိတ်ဓာတ်ကို ဂုဏ်ပြုခဲ့သည်။

《နန်ချောင်ချီးကျူးသီချင်း》ကို နန်ချောင်စက်ပြင်သမားများ၏ နောင်လာနောက်သားဖြစ်သူ ချိန်တာရက(၂၀၁၄)ခုနှစ်တွင် ဦးဆောင်ပြီး စာသားအများစုကို ရေးသားဖန်တီးခဲ့ခြင်းဖြစ်ပြီး နန်ချောင်စက်ပြင်သမားများ၏ နောင်လာနောက်သားများနှင့် နယ်ပယ်အသီးသီးမှအားပေးထောက်ခံခြင်းများကို ရရှိခဲ့သည်။ ယခုအချိန်တွင် တရုတ်ယူနန်၊ ဟိုင်နန်၊ ဇူကျင့် စသည့်ပြည်နယ်များနှင့် မလေးရှားနိုင်ငံ ကွာလာလမ်ပူ၊ ပီနန် စသည့်နေရာများတွင် ကပြတင်ဆက်မှု(၈)ပွဲ ကျင်းပပြုလုပ်ခဲ့ပြီဖြစ်သည်။ 《နန်ချောင်ချီးကျူးသီချင်း》ကို ကပြတင်ဆက်သူများအနက် သုံးပုံတစ်ပုံသည် နန်ချောင်စက်ပြင်သမားများ၏ နောင်လာနောက်သားများဖြစ်ကြသည်ဟု ချိန်တာရက မိတ်ဆက်ပေးသည်။

နန်ချောင်စက်ပြင်သမား ဝမ်ရာလျို၏သမီးနှစ်ယောက်ဝမ်ဖုံလန်၊ ဝန်ဖုံလင်တို့က 《နန်ချောင်ချီးကျူးသီချင်း》 ကပြတင်ဆက်မှုတွင် ပါဝင်သည်။ “လမ်းတလျှောက်လုံးတွင် နန်ချောင်စက်ပြင်သမားများ၏သစ္စာရှိခြင်း၊ မျိုးချစ်စိတ်ကို ကျန်ရစ်ပြန့်နှံ့သည်။”ဟု ဆိုသောအခါတွင် နှစ်ယောက်စလုံး စိတ်မခိုင်ပဲမျက်ရည်ကျရသည်။ “ဖခင်ကွယ်လွန်သွားတာကြာပြီဖြစ်တယ်။ ဒါပေမဲ့ ဇာတ်စင်ပေါ်မှာ သူတို့ရဲ့ပုံပြင်ကို သရုပ်ဖော်တဲ့အခါ သူက ကျွန်မတို့နားဘေးမှာပဲရှိတယ်လို့ အမြဲခံစားရပါတယ်။”ဟု သူတို့နှစ်ယောက်ပြောကြားခဲ့ပါသည်။



သတင်းထောက် ချိန်စန်ကျွမ်

# လန်ချမ်း–မဲခေါင်မြစ်ဝှမ်းလူငယ်ခေါင်းဆောင် ယဉ်ကျေးမှုစခန်း ကူမင်းမြို့တွင် သင်တန်းစတင်ဖွင့်လှစ်

ယခုရက်ပိုင်းတွင် လန်ချမ်း-မဲခေါင်မြစ်(အောက်တွင် “လန်မဲ”ဟု အကျဉ်းချုံးဖော်ပြထားသည်) လူငယ်ခေါင်းဆောင်ယဉ်ကျေးမှုစခန်းကို တရုတ်နိုင်ငံယူနန်ပြည်နယ်ကူမင်းမြို့တွင် သင်တန်းစတင်ဖွင့်လှစ်ခဲ့သည်။ တရုတ်၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့်ဗီယက်နမ်နိုင်ငံမှ လူငယ်ကိုယ်စားလှယ်(၁၂၀)ဦး ဖွင့်ပွဲသို့တက်ရောက်ခဲ့ကြပါသည်။



အဆိုပါသင်တန်းသည် တရုတ်နိုင်ငံတနိုင်ငံလုံးလူငယ်များအသင်း၊ ယူနန်ပြည်နယ်လူငယ်များအသင်းမှ ပူးပေါင်းကျင်းပခြင်းဖြစ်သည်။ ယူနန်နှင့်လန်မဲမြစ်ဝှမ်းတလျှောက် နိုင်ငံအသီးသီးမှ တည်နေရာအားသာချက်နှင့် ယဉ်ကျေးမှုအရင်းအမြစ်အားသာချက်များကို အမှီပြုပြီး နိုင်ငံအသီးသီးမှ လူငယ်များချစ်ကြည်ရင်းနှီးစွာ ဖလှယ်ခြင်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ ပိုမိုဖြစ်ထွန်းနိုင်ရန် ရည်ရွယ်ထားပါသည်။

အစီအစဉ်သည် (၁၀)ရက်ကြာကျင်းပခဲ့ပြီး ယူနန်ကူမင်းနှင့်တာ့လီနှစ်နေရာတွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ လန်မဲနိုင်ငံဘုံကံကြမ္မာတူ အသိုက်အဝန်းဖိုရမ်၊ လူငယ်စွန့်ဦးတီထွင်မှုပညာပေးပွဲ၊ လက်တွေ့လေ့လာခြင်း၊ ချစ်ကြည်ရင်းနှီးစွာဖလှယ်ခြင်း၊ အရည်အသွေးတက်အောင် လုပ်ဆောင်ခြင်းစသည်တို့ကို လုပ်ဆောင်ခဲ့သည်။



ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်သော လန်မဲမြစ်ဝှမ်းတလျှောက် နိုင်ငံတကာမှလူငယ်ကိုယ်စားလှယ်များတွေ့ရှိစဉ်

သတင်းထောက် မိုချောင်